# **Inter-Agency partner** များအတွက်နာဂစ်ဆိုင်ကလုံးနှင့်လူကုန်ကူးမှုအန္တရာယ်ဆိုင်ရာ ပြောဆိုရမည့်အချက်များ

၁၃ ဇွန်လ ၂၀၀၈

**မေးခွန်း-နာဂစ်ဆိုင်ကလုံး၏ အကျိုးဆက်တစ်ရပ်အဖြစ်ဖြင့် ယာယီစောင့်ရှောက်မှုဂေဟာများ မှကလေးသူငယ်များကိုစုဆောင်း၍လူကုန်ကူးမှုအခြေအနေသို့ ကျရောက်အောင်ပြုလုပ်ခံခဲ့ရခြင်းရှိခဲ့ဖူးပါလား ? (ဟုမေးလာခဲ့လျှင်)**

ဖြေ - ယနေ့အချိန် အထိယာယီစောင့်ရှောက်မှုဂေဟာများမှ ကလေးသူငယ်များကို စုဆောင်း ၍ လူကုန်ကူးမှုအခြေအနေသို့ကျရောက်အောင်ပြုလုပ်ခံခဲ့ရသည်ဟု မှတ်တမ်းပြုစုထားခြင်း (သို့) အမှုဖွင့်ထားခြင်းများမရှိသေးပါ။ ပို၍ကျယ်ကျယ်ပြန့်ပြန့်ပြောရလျှင် မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့အနေနှင့် နာဂစ်ဆိုင်ကလုံး၏ အကျိုးဆက်အဖြစ်ဖြင့် ယာယီစောင့်ရှောက်မှုဂေဟာများမှ ကလေးသူငယ်တစ်ဦးတစ်ယောက်ကိုမျှ စုဆောင်း၍ လူကုန်ကူးမှုအခြေအနေသို့ကျရောက်အောင်ပြုလုပ်ခံခဲ့ရကြောင်း အမှုဖွင့်ထားခြင်းမရှိပါ။ သို့သော် ကျွန်ုပ်တို့သိရသည်မှာ ရန်ကုန်မြို့ရှိ မြို့နယ်တစ်ခု၌ အမျိုးသမီး ငယ်သုံး ယောက်သည် အလုပ်ပွဲစားများ၏ ချဉ်းကပ်ခြင်းကိုခံခဲ့ရပြီး အပျိုဟုတ်မဟုတ် မေးမြန်းခြင်း၊ အလုပ်နှင့်ပတ်သက်၍တိကျသောအချက်အလက်များမပေးဘဲ စက်ရုံ၌ အလုပ်ရှာပေးမည်ဟု ကမ်းလှမ်းခြင်းစသည့်အဖြစ်များကြုံတွေ့ခဲ့ရသည် ဟူသည့်သတင်း တစ်ခုရရှိခဲ့သည်။ ယင်းတို့ထဲမှတစ်ဦးကဖြစ်စဉ်ကို ရဲထံသို့တိုင်ကြားခဲ့သည်။ ပွဲစားသုံး ယောက်မှာ ထိန်းသိမ်းခံခဲ့ရပြီး အမှုမှာ စုံစမ်းစစ်ဆေးဆဲဖြစ်သည်။

**မေးခွန်း- နာဂစ်ဆိုင်ကလုံး၏အကျိုးဆက်တစ်ရပ်အဖြစ်ဖြင့် လူကုန်ကူးမှုများတိုးပွားလာပါသလား ? (ဟုမေးလာခဲ့လျှင်)**

ဖြေ - ယနေ့အချိန်အထိ နာဂစ်ဆိုင်ကလုံး၏အကျိုးဆက်တစ်ရပ်အဖြစ်ဖြင့် မြန်မာနိုင်ငံအတွင်းလူကုန်ကူးမှုများတိုးပွားခဲ့သည်ဟူသောအထောက်အထားမရှိသေးပါ။ မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့အနေနှင့် နာဂစ်ဆိုင်ကလုံး၏အကျိုးဆက်အဖြစ်ဖြင့် ကလေး (သို့) လူကြီး လူကုန်ကူးမှု အမှုသစ်ဖွင့်ထားခြင်းမရှိသေးပါ။ သို့သော် ရန်ကုန်မြို့ရှိ မြို့နယ်တစ်ခု၌အမျိုးသမီးသုံးယောက်ကို သံသယဖြစ်ဖွယ်ပြည်ပအလုပ်အကိုင် ကမ်းလှမ်းရန် ကြိုးပမ်းခဲ့သည့်ဖြစ်ရပ်ရှိခဲ့ကြောင်း၊ အာဏာပိုင်များထံတိုင်ကြားခဲ့ကြောင်း ကျွန်ုပ်တို့သိရှိခဲ့ရသည်။ မုန်တိုင်းဒဏ်သင့်သော နေရာများတွင်လည်း အလုပ်အကိုင်အတွက် လူများစုဆောင်းသော ဖြစ်စဉ်များကြားသိရသော်လည်း တိကျသည့်အမှုဖွင့်ထားခြင်း (သို့) မှတ်တမ်းတင်ထားခြင်းရှိသည်ဟုမသိရသေးပါ။ မုန်တိုင်းဒဏ်သင့်ဒေသများတွင် လူသားအချင်းချင်းစာနာထောက်ထားသော လုပ်ငန်းများဆောင်ရွက်နေသည့် (အစိုးရ/အစိုးရမဟုတ်သော) အဖွဲ့အစည်းများစွာသည် မိမိတို့ရည်ရွယ်ထားသောဒေသအသီးသီးတွင် အခြေအနေဆန်းစစ်ခြင်း၊ အနီးကပ်စောင့်ကြပ်ကြည့်ရှုခြင်းများ ဆောင်ရွက်နေကြသည်။ အရေးကြီးသည်မှာ မုန်တိုင်းဒဏ်သင့်ဒေသများအတွင်း ချက်ချင်းဆောင်ရွက်ရမည့်အရေးပေါ်လုပ်ငန်းများ နှင့်ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေရင်း မုန်တိုင်းဒဏ်သင့်ပြည်သူများ၏ လူကုန်ကူးခံရရန် အန္တရာယ်ရှိနေသော အခြေအနေကိုလျှော့ချရန်အတွက် ထည့်သွင်းစဉ်းစားရန်လိုအပ်ပါသည်။

**မေးခွန်း-နာဂစ်ဆိုင်ကလုံး၏ အကျိုးဆက်တစ်ရပ်ဖြစ်သောလူကုန်ကူးခြင်းကို ကာကွယ်တားဆီးရန် (သို့) လူကုန်ကူးခြင်း၏အန္တရာယ်ကိုလျှော့ချရန် UN နှင့် NGO များမှမည်သည်တို့ကိုလုပ်ဆောင်နေသနည်း ? (ဟုမေးလာခဲ့လျှင်)**

ဖြေ - မုန်တိုင်းဒဏ်သင့်ဒေသများတွင်လူသားအချင်းချင်း စာနာထောက်ထားသောလုပ်ငန်းများ ဆောင်ရွက်နေသော (အစိုးရ/အစိုးရမဟုတ်သော) အဖွဲ့အစည်းများစွာတို့သည် အခြေအနေကိုအနီးကပ်စောင့်ကြပ်ကြည့်ရှုနေကြသည်။ ထိုအဖွဲ့အစည်းများသည် မုန်တိုင်းနှင့်ဆက်နွယ်၍ဖြစ်ပေါ်လာမည်ဖြစ်သောလူကုန်ကူးမှုဖြစ်ရပ်မှန်သမျှကို လူကုန်ကူးမှုတားဆီးတိုက်ဖျက်ရေး စီမံချက်ကို လုပ်ဆောင်နေကြသည့် အဖွဲ့အစည်းများပါဝင်သောလူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ (Human Trafficking Working Group for Post Cyclone Response) မှတစ်ဆင့်တုံ့ပြန်ရန် ဆောင်ရွက်နေကြသည်။ အရေးကြီးသည်မှာ မုန်တိုင်းဒဏ်သင့်ဒေသများအတွင်း ချက်ချင်းဆောင်ရွက်ရမည့် အရေးပေါ်လုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသူများသည် မုန်တိုင်းဒဏ်သင့် ပြည်သူများ၏ လူကုန်ကူးခံရရန် အန္တရာယ်ရှိနေသော အခြေအနေကိုလျှော့ချရန်အတွက် ထည့်သွင်းစဉ်းစား ရန်ဖြစ်သည်။

**မေးခွန်း-နာဂစ်ဆိုင်ကလုံး၏အကျိုးဆက်တစ်ရပ်ဖြစ်သောလူကုန်ကူးခြင်းကို ကာကွယ်တားဆီးရန် (သို့) လူကုန်ကူးခြင်း၏အန္တရာယ်ကိုလျှော့ချရန် အစိုးရမှမည်သည်တို့ကိုလုပ်ဆောင်နေသနည်း ? (ဟုမေးလာခဲ့လျှင်)**

ဖြေ-ပြည်ထဲရေးဝန်ကြီးဌာနမှ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအထူးတပ်ဖွဲ့ နှင့် ဒေသခံရဲတပ်ဖွဲ့များအားလုံးသို့ လူကုန်ကူးမှု အခြေအနေများနှင့်ဖြစ်ရပ်များကိုလေ့လာဆန်းစစ်အကဲဖြတ်ရန်နှင့် သတင်းပို့လာသောအမှုများကို ချက်ချင်းအရေးယူဆောင်ရွက်ရန်စာထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ ပြည်ထဲရေးဝန်ကြီးဌာနသည် လူကုန်ကူးမှုကိစ္စရပ်များကို UN-NGO (Human Trafficking Working Group for Post Cyclone Response) နှင့်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါသည်။